ဒီမိုကရေစီပြောင်းလဲရေးကာလတွင် ဆရာ၊ ဆရာမများ ကြုံတွေ့ရသည့်အခက်အခဲများ ချက်နိုင်ငံပညာရေးပြုပြင်ပြောင်းလဲမှုအတွေ့အကြုံ

ဒေါက်တာသိန်းလွင် (ချင်းမိုင်)

ချက်နိုင်ငံ ပရာဟာမြို့အခြေစိုက် နိုင်ငံတကာကူညီရေးအဖွဲ့တစ်ခုဖြစ်သည့် People in Need ၏ ဖိတ်ကြား ချက်အရ ကျွန်တော်သည် ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ချက်နိုင်ငံပညာရေး ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများကို သွားရောက်လေ့လာခွင့်ရခဲ့ပါသည်။ ဤဆောင်းပါးတွင် ပညာရေးပြုပြင်ပြောင်းလဲမှု များ၌ ဆရာ၊ ဆရာမများ၏အရေးပါသော အခန်းကဏ္ဍနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ရေးသားဖော်ပြထားပါသည်။

ချက်ကိုစလိုဗက်နိုင်ငံတွင် ၁၉၈၉ ခုနှစ်၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ပြီးနောက် ချက်သမ္မတ နိုင်ငံနှင့် စလိုဗက်သမ္မတနိုင်ငံအများအဖြစ် တည်ထောင်ခဲ့ကြပါသည်။ ချက်ကိုစလိုဗက်နိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် သွေးထွက်သံယိုမှုမရှိသော ညင်သာသည့် ပြုပြင်ပြောင်းလဲမှုဖြစ် ပါသည်။ "ကတ္တီပါတော်လှန်ရေး"ဟု တင်စားခေါ်ဝေါ်ကြပါသည်။ ချက်ကိုစလိုဗက် ကွန်မြူနစ် အစိုးရအုပ်ချုပ်နေစဉ်ကာလ အတွင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုသည် ၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလ၌ ထုတ်ဝေခဲ့သည့် "ချာတာ-၇၇" ကြေငြာစာတမ်းဖြင့် ထင်ရှားလာခဲ့ပါသည်။ တက္က သိုလ်ကျောင်းသားများ၊ စာပေအနုပညာ နှင့် ဂီတပညာရှင်များ တက်တက်ကြွကြွပါဝင်ခဲ့ကြပြီး အစိုးရအဖွဲ့အတွင်းမှ နိုင်ငံရေးပြုပြင်ပြောင်းလဲရန် လိုလားသူများနှင့် ပူးပေါင်း၍ ကွန်မြူနစ်အာ ဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အောင်မြင်စွာကူးပြောင်း နိုင်ခဲ့ကြပါသည်။

နိုင်ငံရေးစနစ်ပြောင်းလဲလာသည်နှင့်တပြိုင်နက် ပညာရေးကဏ္ဍတွင်လည်း ဒီမိုကရေစီပညာရေး စနစ်သို့ ပြောင်းလဲခဲ့ပါသည်။ ပညာရေးစီမံခန့်ခွဲမှုတွင် ဗဟိုမှချုပ်ကိုင်မှုကိုလျှော့ချ၍ ကျောင်းများ ၏တာဝန်ရှိမှု ပိုများလာပါသည်။ သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုတွင် ဗဟိုပညာရေးဌာနမှ ရေးဆွဲအတည်ပြုထားသည့် သင်ရိုးညွှန်းတမ်းလမ်းညွှန်ကိုအခြေခံ၍ ကျောင်းအသီးသီးမှဆရာ၊ ဆရာမများကိုယ်တိုင် ပါဝင်ရေးဆွဲရပါသည်။ သင်ကြားနည်းစနစ်ကိုမူ ဆရာ၊ ဆရာမများ ကိုယ်တိုင် သင့်တော်ရာနည်းစနစ်ဖြင့် သင်ကြား ခွင့်ရှိပါသည်။ ပညာရေးဌာနမှ ဆရာ၊ ဆရာမ များအတွက် သင်တန်းများဖွင့်လှစ်ပေးပါသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုတွင် "အခက်ခဲဆုံးအရာကဘာလဲ"ဟု ပြုပြင်ပြောင်းလဲမှုတွင် ဦးဆောင် ပါဝင်ခဲ့သူတစ်ဦးကို ကျွန်တော်မေးကြည့်ပါသည်။ "လူတစ်ဦးနှင့်တစ်ဦးဆက်ဆံရတာအခက်ဆုံးပဲ" ဟုပြောပါသည်။ ယခင်အစိုးရအဖွဲ့ဟောင်းတွင်ပါဝင်ခဲ့ကြသော ဆရာ၊ ဆရာမများနှင့် ဒီမိုကရေစီ အစိုးရပြုပြင်ပြောင်းလဲမှုတွင် တက်ကြွစွာပါဝင်ခဲ့ကြသော ဆရာ၊ ဆရာမများအကြား ဆက်ဆံရေး များမပြေမလည်ရှိ ကြသည်။ စနစ်သစ်သမားများက စနစ်ဟောင်းသမားများကို ဝေဖန်လေ့ရှိသဖြင့် ပြုပြင်ပြောင်းလဲမှုတွင် စနစ်ဟောင်းနှင့်နီးစပ်ခဲ့သည့် ဆရာ၊ ဆရာမများ ပါဝင်ရန် နောက်တွန့်ကြ ပါသည်။ တစ်ဖက်ကလည်း အလုပ်ပြုတ်မှာစိုးရိမ်သဖြင့် အလုပ်တွင်ပျော်ရွှင်မှုနည်းလာကြပါသည်။

“နောက်ထပ်အခက်အခဲတွေကော ဘာတွေရှိသလဲ” ဟု ကျွန်တော်မေးကြည့်ပါသည်။ စနစ်တစ်ခုမှ အခြားစနစ်သို့ပြောင်းလဲရာတွင် ဆရာ၊ ဆရာမများ၏ စနစ်သစ်အပေါ်သဘောထားအမြင် (perception) နှင့် စနစ်သစ်အတွက်လိုအပ်သောကျွမ်းကျင်မှုများ (skills) မှာလည်း ခက်ခဲသည့်အရာများဖြစ်ပါသည်။ အာဏာရှင်များကြီးစိုးခဲ့သည့် ခေတ်ကာလများတွင် ဖြတ်သန်းကြီးပြင်းလာရသည့်အတွက် ဆရာ၊ ဆရာမများကိုယ်တိုင်အာဏာရှင်များ၏ စရိုက်လက္ခဏာများစိမ့်ဝင်နေကြပါသည်။ ဒီမိုကရေစီစနစ်၏ အခြေခံကျလှသည့် တစ်ဦးနှင့်တစ်ဦး သဘောထားအမြင်ကွဲပြားမှု ကို နားလည်နိုင်စွမ်းမရှိကြသေးပါ။ စနစ်သစ်အတွက် လိုအပ်သောကျွမ်းကျင်မှုများကိုပေးရန် တာဝန်ရှိသူများကသင်တန်းများစီစဉ်သော်လည်း လုံလောက်မှုမရှိသေးပါ။ စနစ်အပြောင်းအလဲတွင် အလုပ်တာဝန်ပိုများလာသဖြင့် ဆရာ၊ ဆရာမများကိုယ်တိုင် သင်တန်းတက်ရန် အချိန်မပေးနိုင်ကြပါ။ စိတ်ဝင်စားစရာကောင်းသည့်အချက်တစ်ခုမှာ အသက်အရွယ်ရ၍ အတွေ့အကြုံများသော ဆရာ၊ ဆရာမများက ငယ်ရွယ်သည့်ဆရာ၊ ဆရာမအသစ်များနှင့်အတူ သင်တန်းမတက်ချင်ကြပါ။

ချက်နိုင်ငံစာသင်ကျောင်းများတွင် ဆရာ၊ ဆရာမများ လတ်တလောရင်ဆိုင်နေရသည့် အခက်အခဲတစ်ခုမှာ ဆရာနှင့်ကျောင်းသားဆက်ဆံရေးဖြစ်ပါသည်။ အသက် ၂၀ ထက်ငယ်သောကျောင်းသားများသည် ဒီမိုကရေစီခေတ်ကာလတွင် မွေးဖွားကြီးပြင်းလာကြသူများဖြစ်၍ ဒီမိုကရေစီအလေ့အထများ အလိုအလျောက်ပါဝင်လာကြပါသည်။ ဆရာ၊ ဆရာမများကို မေးခွန်းများထုတ်ခြင်း၊ ကျောင်းသားအချင်းချင်းသာမက ဆရာ၊ ဆရာမများနှင့်ပါ ကွဲလွဲသောအမြင်များကို တင်ပြလာခြင်းတို့ကြောင့် “ငါပြောတာနား ထောင်”၊ “ဒီအတိုင်းရေး”၊ “ဒါကိုအလွတ်ကျက်” အလေ့အထကို ကျင့်သားရနေသည့် ဆရာ၊ ဆရာမများ အခက်ကြုံနေရပါသည်။

သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ဆရာ၊ ဆရာမများကိုယ်တိုင်ပါဝင်ရမည်ဆိုသောအခါ အဆင်သင့်မဖြစ်ကြပါ။ နိုင်ငံရေးစနစ်ပြောင်းသွားပြီဖြစ်၍ ပညာရေးစနစ်သစ်တစ်ခုကို တစုံတယောက်က ယူဆောင်လာလိမ့်မည်ဟု မျှော်လင့်နေကြပါသည်။ ကိုယ်တိုင်ပါဝင်၍ အသစ်ဖန်တီးရန်အရေးတွင် နှောင့်နှေးနေကြပါသည်။ ဒီမိုကရေစီစနစ်အောက်တွင် သင်ကြားမှုနှင့် သင်ယူမှုပုံစံများလည်း သိသိသာသာပြောင်းလဲသွားပါသည်။ ယခင်စနစ်ဟောင်းတွင် ဆရာက သူသိသမျှ တပည့်ကိုနှုတ်တိုက်အာဂုံရရန် သင်ပေးခဲ့ကြပါသည်။ စနစ်သစ်က ကျောင်းသားကိုယ်တိုင်လေ့လာသင်ယူနိုင်ရန် ဆရာက စီစဉ်ညွှန်ကြားရပါသည်။ ဆရာ၏အဆင့်နေရာနှင့် သင်ကြားမှုပုံစံမပြောင်းလဲနိုင်ပါက စာသင်ခန်းတွင်အခက်ကြုံရပါမည်။

ကျောင်းသားများ၏တတ်မြောက်မှုကိုတိုင်းတာသည့် စာမေးပွဲစနစ်လည်းပြောင်းပါသည်။ ယခင်စနစ်ဟောင်းမှ စစ်ဆေးသည့်စနစ်သည် သင်ထားသမျှစာတွေ ဘယ်လောက်မှတ်မိသလဲ ဆိုတာကိုသာ အဓိကထားစစ်ပါသည်။ စနစ်သစ်၏စစ်ဆေးမှုသည် မှတ်မိခြင်းကိုစစ်ဆေးခြင်း မဟုတ်ပါ။ ဘယ်လောက်နားလည် သလဲဆိုတာကိုစစ်ပါသည်။ သင်ယူမှုတွင် ဘယ်လိုပါဝင်သလဲ ဆိုတာနှင့် ဘယ်လိုစဉ်းစားတွေးခေါ်သလဲ ဆိုတာတွေကိုစစ်ပါသည်။ ချက်နိုင်ငံမှ ဆရာ၊ ဆရာမ များ

စစ်ဆေးသည့်နည်းစနစ်အသစ်အတွက် အဆင်သင့်မဖြစ်ကြပါ။ ပုဂ္ဂလိကတည်ထောင်သည့် စစ်ဆေးရေးဌာနများက တာဝန်ယူစစ်ဆေးမှုများ ပြုလုပ်ပေးရပါသည်။

ကျောင်းသားမိဘများကလည်း ပညာရေးစနစ်ပြောင်းလဲမှုကို နားမလည်ကြပါ။ မိမိကလေး ကျောင်းမှပြန်လာလျှင် စာဘယ်လောက်ရွတ်ဆိုနိုင်သလဲဆိုတာကိုသာ အာရုံစိုက်နေသေးသဖြင့် ကျောင်းသားကိုယ်တိုင် အားထုတ်လေ့လာရမည်ဆိုသည်ကို သဘောမပေါက်ပါ။ ဆရာက သင်မပေးရကောင်းလားဟု ဆရာ၊ ဆရာမများကို အပြစ်ဖို့ ကြပါသည်။

ပညာရေးစနစ်အပြောင်းအလဲတွင် ဆရာ၊ ဆရာမနှင့် မိဘများဘက်ကသာ အားနည်းနေသည် မဟုတ်ပါ။ စီမံခန့်ခွဲသည့်အစိုးရဘက်ကလည်း အားနည်းပါသည်။ စီးပွားရေး၊ ဘဏ္ဍာရေး၊ လုံခြုံရေး၊ နိုင်ငံတကာဆက်ဆံရေးစသည်တို့တွင် အချိန်ပေးနေရသဖြင့် ပညာရေးကို အနည်းငယ်မျှသာ အာရုံစိုက်နိုင်ပါသည်။ ကျွန်တော်တွေ့ဆုံခဲ့ရသည့် ပညာရေးသမားများက ဘဏ္ဍာငွေမလုံလောက်ကြောင်း တညီတညွတ်တည်းပြောပါသည်။ နိုင်ငံရေးစနစ်ပြောင်းပြီးနောက် ဆရာ၊ ဆရာမများလစာအထိုက်အလျောက်တိုးလာသော်လည်း အခြားအသက်မွေးဝမ်းကြောင်းအလုပ် များနှင့်နှိုင်းစာလျှင် ဆရာ၊ ဆရာမများလစာမှာ နည်းနေဆဲပင်ဖြစ်ပါသည်။ ပို၍ဆိုးသည်မှာ အမျိုးသမီးဆရာမများ၏လစာမှာ အမျိုးသားဆရာများထက် နည်းနေသဖြင့် ဝေဖန်ထောက်ပြမှုများကို အစိုးရရင်ဆိုင်နေရပါသည်။

ဗဟိုအစိုးရကချမှတ်သည့် ပညာရေးမူဝါဒများသည် ဒီမိုကရေစီနည်းကျပညာရေးပြုပြင်ပြောင်းလဲမှုကို အခြေခံသော်လည်း ဟာကွက်များရှိနေကြောင်း ပညာရှင်များက ဝေဖန်ထောက်ပြကြပါသည်။ အထူးသဖြင့် ချက်နိုင်ငံတွင်နေထိုင်သည့်အခြားလူမျိုးများ (ဥပမာ- ဂျာမန်၊ ပိုလန်၊ စလိုဗက် အစရှိသည့် အခြားဘာသာပြောဆိုသည့် လူနည်းစုများ)၏ ဘာသာစကား၊ ဓလေ့ထုံးစံ ယဉ်ကျေးမှုများအတွက် စဉ်းစားလုပ်ဆောင်မှုအားနည်းပါသည်။ ခန္ဓာကိုယ်တည်ဆောက်မှုချွတ်ယွင်းသောကလေးများနှင့် ဆင်းရဲ၍ပညာအခြေခံနည်းသောမိဘများမှ ပေါက်ဖွားလာသောကလေး များ၏ ပညာရေးအတွက်လည်း ဆောင်ရွက်ချက်များ အားနည်းလျက်ပင်ရှိပါသည်။

ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုတွင် ဆရာ၊ ဆရာမများသည် အရေးကြီးသောအခန်းကဏ္ဍများမှ ပါဝင်နေသည်ဖြစ်၍ မြန်မာနိုင်ငံဒီမိုကရေစီပညာရေး ပြုပြင်ပြောင်းလဲမှုကို ပိုမိုထိရောက်မြန်ဆန်စေရန်အတွက် မြန်မာနိုင်ငံဒေသအသီးသီးမှ ဆရာ၊ ဆရာမများ အဆင်သင့်ရှိကြစေရန် ဤဆောင်းပါးဖြင့် အကြံပြုအပ်ပါသည်။

အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ကူးပြောင်းရာတွင် နိုင်ငံရေးစနစ်ပြောင်းသွားရုံမျှဖြင့် မလုံလောက်ပါ။ အာဏာရှင်စနစ်အောက်တွင် နိုင်ငံ(state)၏ ရည်မှန်းချက်သည်အဓိကကျပြီး လူတစ်ဦးချင်း၏ အခန်းကဏ္ဍက နိုင်ငံ၏အရေးပါမှုအောက်တွင် ချေဖျက်ခံရပါသည်။ ဒီမိုကရေစီ စနစ်တွင် နိုင်ငံသားတစ်ဦးချင်း၏ပါဝင်မှုကဏ္ဍသည် ကြီးမားလာပါသည်။ လူတစ်ဦးချင်း (individual)

၏ပါဝင်မှုနှင့် အဆုံးအဖြတ် သည်အရေးပါလာသည်နှင့်အမျှ တစ်ဦးချင်း၏အမြင်သဘောထားနှင့် ကျွမ်းကျင်မှုသည် အရေးကြီးသော လိုအပ်ချက်များဖြစ်လာပါသည်။ ပညာရေးကဏ္ဍတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ တစ်ဦးချင်းပါဝင်မှုနှင့် အဆုံးအဖြတ်သည် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးသောအချက်များဖြစ်ပါသည်။ ပညာရေးပြုပြင်ပြောင်းလဲမှုကာလအတွက် ဒီမိုကရေစီအလေ့အကျင့်များကို စာသင်ခန်းများအတွင်း ကျင့်သုံးရန်နှင့် စနစ်သစ်အတွက်ကျွမ်းကျင်မှုများကို လေ့လာဆည်းပူးကြရန် ဆရာ၊ ဆရာမများကို တိုက်တွန်းအပ်ပါသည်။

ဒေါက်တာသိန်းလွင်
နိုဝင်ဘာ (၃၀) ရက်၊ ၂၀၀၉။